# ဒေါ်ခင်ကြည် – ဖောင်ဒေးရှင်း

အမှတ် (၅၄/၅၆)၊ တက္ကသိုလ်ရိပ်သာလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်။


၁၅ရက် မတ်လ ၂၀၁၇ ခုနှစ်

ဒေါ်အောင်ဆန်းစုကြည်

ဥက္ကဌ
ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း

**အကြောင်းအရာ -၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအတွက် ရွေ့လျားစာကြည့်တိုက် တိုးတက်မှုအစီရင်ခံစာ**

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအတွက် **ကော့မှူး၊ နေပြည်တော်၊ ကလော၊ နတ်မောက်၊ မြောင်းမြနှင့် အင်းစိန်**တို့တွင် ကျွန်ုပ်တို့၏ ရွေ့လျားစာကြည့်တိုက်လုပ်ငန်းလည်ပတ်မှု တိုးတက်မှုအစီရင်ခံစာကိုတင်ပြရခြင်းအတွက် ကျွန်ုပ်အနေဖြင့် ကျေနပ်ဝမ်းမြောက်ပါသည်။

## I. ကော့မှူးရွေ့လျားစာကြည့်တိုက် လုပ်ငန်းလည်ပတ်မှု

### I.A အသင်းဝင်

ဖေဖော်ဝါရီလကုန်အထိ အသင်းဝင် (၁၈,၆၃၁) ဦးဖြစ်ပါသည်။
အသင်းဝင်နှုန်းထားသည် ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှနှုန်းထားနှင့် အတူတူဖြစ်သည်။

### I.B စာအုပ်ငှားရမ်းမှု

လက်ရှိတွင် ကော့မှူး၌ စာအုပ်စုစုပေါင်း (၂၂,၆၄၄)အုပ်ကို စာရင်းပြုစုထားရှိပြီး ငှားရမ်းလည်ပတ်လျှက်ရှိပါသည်။
၂၀၁၇ ဖေဖော်ဝါရီလအတွင်း စာအုပ်ငှားရမ်းမှုမှာ(၃,၂၆၅) ကြိမ် ဖြစ်ပါသည်။
ထို့ကြောင့် ကော့မှူးတွင် ၂၀၁၆ ဇန်နဝါရီလနှင့်စာလျှင် စာအုပ်ငှားရမ်းမှုမှာ (၂၈) % လျော့နည်းသွားပါသည်။ ကျောင်းသား/သူများ အတန်းတင်စာမေးပွဲများရှိနေသောကြောင့် ဖေဖော်ဝါရီလအတွင်း စာငှားကျဆင်းရခြင်းဖြစ်ပါသည်။

ကော့မှူးတွင် လုပ်ငန်းစတင်လည်ပတ်သော ၂၀၁၃ ခုနှစ် ဇူလိုင်လမှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအထိ (၃ နှစ်ကျော်အတွင်း) စာအုပ်ငှားရမ်းမှု စုစုပေါင်း(၁၄၂,၆၈၁)ကြိမ်အထိရှိခဲ့ပါသည်။

တစ်လလျှင် စာအုပ်ငှားရမ်းလည်ပတ်မှု ပျမ်းမျှအရေအတွက်မှာ(၇,၉၆၉) ကြိမ်ဖြစ်ပြီးပျမ်းမျှအားဖြင့် စာအုပ်တစ်အုပ်လျှင် (၁၅) ကြိမ် ပျမ်းမျှခြင်းအားဖြင့် ငှားရမ်းလည်ပတ်မှုရှိပါသည်။

အောက်ပါဇယားသည် ကော့မှူးရွေ့လျားစာကြည့်တိုက်၏ လောလောဆယ် လှည့်လည်ရောက်ရှိနေသည့်ကျေးရွာ အရေအတွက် ဖြစ်ပါသည်။

| *လက်ရှိကျေးရွာများ*MBL - ကော့မှူး | |
|---|---|
| MBL - ဘတ်စ် ၁ | ၂၀ ရွာ |
| MBL - ဘတ်စ် ၂ | ၁၄ ရွာ |
| ထပ်ဆင့်ငှားဌာနခွဲ | ၁၆ ရွာ |
| **ကျေးရွာစုစုပေါင်း** | ၅၀ ရွာ |

## II.နေပြည်တော်ရွေ့လျားစာကြည့်တိုက် လုပ်ငန်းလည်ပတ်မှု

နေပြည်တော်လုပ်ငန်းလည်ပတ်မှုသည် ၂၀၁၇ ဖေဖော်ဝါရီလတွင်လည်း ကောင်းမွန်လျှက်ရှိပါသည်။ ထပ်ဆင့်ငှားဌာနခွဲများ အပါအဝင် ကျေးရွာ ၆၀ ရွာသို့ လှည့်လည်ရောက်ရှိနေပါသည်။

### II.A အသင်းဝင်

နေပြည်တော်တွင် ၂၀၁၇ခုနှစ် ဖေဖော်ဝါရီလကုန်အထိ (၁၃,၅၄၂) ဦး အသင်းဝင်ရှိပါသည်။
၂၀၁၇ ခုနှစ် ဇန်နဝါရီလနှင့်စာလျှင် အဖွဲ့ဝင်အရေအတွက် (၀.၂) % တိုးတက်မှုရှိပါသည်။

### II.B စာအုပ်ငှားရမ်းမှု

နေပြည်တော်ရုံးတွင် စာအုပ် (၁၈,၈၂၇)အုပ်ကိုငှားရမ်းလည်ပတ်လျှက်ရှိပါသည်။ ဖေဖော်ဝါရီလအတွက် စာအုပ်ငှားရမ်းမှု အကြိမ်မှာ (၁,၇၂၂) ဖြစ်ပါသည်။ ထို့ကြောင့် ၂၀၁၆ ဇန်နဝါရီလနှင့်စာပါကငှားရမ်းမှု (၁၅)% လျော့ကျသွားပါသည်။ ကျောင်းသား/သူများ အတန်းတင်စာမေးပွဲများရှိနေသောကြောင့် စာငှားလျော့နည်းရခြင်းဖြစ်ပါသည်။

နေပြည်တော်လုပ်ငန်းစတင်လည်ပတ်သည်မှ ၁၆ လ အတွင်းစာအုပ်ငှားရမ်းမှုအကြိမ် စုစုပေါင်း(၂၉၄,၇၁၈)ရှိပါသည်။ ထို့ကြောင့် တစ်လပျမ်းမျှ ငှားရမ်းမှု အရေအတွက်မှာ(၈,၁၈၆)ကြိမ် ဖြစ်ပြီး ပျမ်းမျှအားဖြင့် စာအုပ်တစ်အုပ်လျှင် ၁၅ ကြိမ်ခန့် ငှားရမ်းလည်ပတ်မှုရှိပါသည်။

နေပြည်တော် ရွှေ့လျားစာကြည့်တိုက်မှယခုလက်ရှိ ဝန်ဆောင်မှုပေးလျှက်ရှိသည့် ကျေးရွာအရေအတွက်ကို အောက်တွင် ဖော်ပြထားပါသည်။

| *လက်ရှိကျေးရွာများ*MBL - နေပြည်တော် | |
|---|---|
| နေပြည်တော် | ၂၅ ရွာ |
| ပျဉ်းမနား | ၂၀ ရွာ |
| ထပ်ဆင့်ငှားဌာနခွဲ | ၁၅ ရွာ |
| ကျေးရွာစုစုပေါင်း | ၆၀ ရွာ |

## III.ကလောရွှေ့လျားစာကြည့်တိုက် လုပ်ငန်းလည်ပတ်မှု

စာအုပ် (၁၁,၅၀၄)အုပ်ကိုစာရင်းပြုစုထားရှိပြီး ငှားရမ်းလည်ပတ်လျှက်ရှိပါသည်။ စာကြည့်တိုက်များ၊ ရပ်ရွာထဲရှိ အများပြည်သူ စုဝေးရာနေရာများ၊ ဘဏ်များနှင့် ရုံးများအပါအဝင် နေရာ ၅၀ သို့ လှည့်လည်ရောက်ရှိနေပါသည်။ ရွှေ့လျားစာကြည့်တိုက် ဘတ်စ်ကားများသည် ညောင်ရွှေ၊ ပင်းတယနှင့် ရွာငံမြို့နယ်များသို့လည်းရောက်ပါသည်။ အသင်းဝင်ဦးရေမှာ (၉,၃၈၃) ဦးဖြစ်ပြီး ၂၀၁၆ ဇန်နဝါရီလနှင့်နှိုင်းယှဉ်လျှင် (၀.၄)% ရာခိုင်နှုန်း တိုးတက်မှုရှိပါသည်။

**<u>စာအုပ်ငှားရမ်းမှု</u>**

ကလော - (၃,၆၆၁) ကြိမ်

၂၀၁၇ ခုနှစ် ဇန်နဝါရီလနှင့် နှိုင်းယှဉ်ပါက <u>ဖေဖော်ဝါရီလ</u>တွင် စာအုပ်ငှားရမ်းမှုမှာ (၆)% လျော့နည်းသွားပါသည်။ ကျောင်းသား/သူများ အတန်းတင်စာမေးပွဲများရှိနေသောကြောင့် စာငှားလျော့နည်းရခြင်းဖြစ်ပါသည်။ ၂၀၁၅ ဖေဖော်ဝါရီလ မှ ၂၀၁၇ <u>ဖေဖော်ဝါရီလအထိ</u> ( ၂၅ လ အတွင်း ) စုစုပေါင်းစာအုပ် (၉၅,၇၄၀)ကို ငှားရမ်းခဲ့ပါသည်။ ထို့ကြောင့် တစ်လပျမ်းမျှ စာအုပ်ငှားရမ်းမှုကြိမ်ရေမှာ (၃,၈၂၉) ကြိမ်ဖြစ်ပြီးပျမ်းမျှအားဖြင့် စာအုပ်တစ်အုပ်လျှင် ၈.၃ ကြိမ် ငှားရမ်းမှုရှိပါသည်။

ကလောမှ လက်ရှိစာအုပ်ငှားရမ်းလည်ပတ်မှုဆောင်ရွက်နေသောကျေးရွာအရေအတွက်ကိုအောက်တွင်ဖော်ပြထားပါသည်။

| *လက်ရှိကျေးရွာများ*MBL - ကလော | |
|---|---|
| MBL - ဘတ်စ် ၁ | ၁၈ ရွာ |
| MBL - ဘတ်စ် ၂ | ၁၄ ရွာ |
| ထပ်ဆင့်ငှားဌာနခွဲ | ၁၈ ရွာ |
| ရွာစုစုပေါင်း | ၅၀ ရွာ |

## IV.နတ်မောက်ရွှေ့လျားစာကြည့်တိုက် လုပ်ငန်းလည်ပတ်မှု

၂၀၁၇ ဖေဖော်ဝါရီလတွင် နတ်မောက်၌လုပ်ငန်းလည်ပတ်မှုကောင်းမွန်နေပါသည်။ လက်ရှိတွင် နတ်မောက်၌ စာအုပ်စုစုပေါင်း (၁၀,၂၅၀)ကို စာရင်းပြုစုထားရှိပြီး ငှားရမ်းလည်ပတ်လျက်ရှိပါသည်။

### IV.A အသင်းဝင်

နတ်မောက်တွင် ၂၀၁၇ခုနှစ် ဖေဖော်ဝါရီလကုန်အထိ (၉,၆၀၇) ဦး အသင်းဝင်ရှိပါသည်။ ၂၀၁၆ ဇန်နဝါရီလနှင့်နှိုင်းစာပါက အဖွဲ့ဝင်ဦးရေ (၁.၅)%ခန့်တိုးလာပါသည်။

### IV.B စာအုပ်ငှားရမ်းမှု

နတ်မောက် - ၁,၆၄၈ ကြိမ်

ကျောင်းသား/သူများ အတန်းတင်စာမေးပွဲများရှိနေသောကြောင့် စာအုပ်ငှားရမ်းမှု အနေဖြင့် ၂၀၁၇ ဇန်နဝါရီလနှင့် နှိုင်းစာလျှင် (၄၀)% လျော့နည်းသွားပါသည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလ လုပ်ငန်းစတင်ချိန်မှစကာ (၁၉ လအတွင်း) စုစုပေါင်းစာအုပ် (၆၄,၀၁၅)ကို ပြည်သူလူထုကငှားရမ်းခဲ့ပါသည်။
ထို့ကြောင့် တစ်လပျမ်းမျှ စာအုပ်ငှားရမ်းမှုအကြိမ်ရေမှာ(၃,၃၆၉)ကြိမ် ဖြစ်ပြီးပျမ်းမျှအားဖြင့် စာအုပ်တစ်အုပ်လျှင် ၆.၂၅ ကြိမ် ငှားရမ်းရပါသည်။

နတ်မောက်မှ လက်ရှိစာအုပ်ငှားရမ်းလည်ပတ်မှုဆောင်ရွက်နေသောကျေးရွာအရေအတွက်ကိုအောက်တွင်ဖော်ပြထားပါသည်။

| *လက်ရှိကျေးရွာများ*MBL - နတ်မောက် | |
|---|---|
| MBL - ဘတ်စ် | ၂၅ ရွာ |
| ထပ်ဆင့်ငှားဌာနခွဲ | ၅ ရွာ |
| ကျေးရွာစုစုပေါင်း | ၃၀ ရွာ |

## V.မြောင်းမြရွှေ့လျား စာကြည့်တိုက် လုပ်ငန်းလည်ပတ်မှု

လက်ရှိတွင် မြောင်းမြ၌စုစုပေါင်းစာအုပ် ၆,၇၅၇ အုပ်ကိုစာရင်းပြုစုထားရှိပြီးငှားရမ်းလည်ပတ်လျှက်ရှိပါသည်။

### V.A အသင်းဝင်

မြောင်းမြ တွင် - ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ(၄,၂၄၉) ဦးအသင်းဝင်ရှိပါသည်။
၂၀၁၇ ခုနှစ် ဇန်နဝါရီလနှင့်စာလျှင် အဖွဲ့ဝင် (၆)%တိုးလာပါသည်။ ကျွန်ုပ်တို့သည် မြောင်းမြတွင် ရပ်ရွာ၏ ထောက်ပံ့ကူညီမှု အပြည့်အဝ ရရှိပါသည်။

### V.B စာအုပ်ငှားရမ်းမှု

မြောင်းမြ - (၃,၀၈၀) ကြိမ်

၂၀၁၇ ဇန်နဝါရီလနှင့် နှိုင်းစာပါက (၁၈)% လျော့နည်းသွားပါသည်။ ကျောင်းသား/သူများ အတန်းတင်စာမေးပွဲ ဖြေဆိုနေရသောကြောင့် ဖေဖော်ဝါရီလအတွင်း စာငှားကျဆင်းရခြင်းဖြစ်ပါသည်။

လုပ်ငန်းစတင်သော ဖေဖော်ဝါရီ ၂၀၁၆ မှစပြီး (၁၃-လအတွင်း) စုစုပေါင်းစာအုပ် (၄၀,၆၆၄)ကို လူထုကငှားရမ်းခဲ့ပါသည်။ ထို့ကြောင့် တစ်လပျမ်းမျှ စာအုပ်ငှားရမ်းမှု အကြိမ်ရေ(၃,၁၂၈)ရှိပြီး ပျမ်းမျှအားဖြင့် စာအုပ်တစ်အုပ်လျှင် ၆ ကြိမ်ခန့် ငှားရမ်းမှုရှိပါသည်။

မြောင်းမြ မှ လက်ရှိစာအုပ်ငှားရမ်းလည်ပတ်မှုဆောင်ရွက်နေသောကျေးရွာအရေအတွက်ကိုအောက်တွင်ဖော်ပြထားပါသည်။

| *လက်ရှိကျေးရွာများ* MBL - မြောင်းမြ | |
|---|---|
| MBL - ဘုတ်စ် | ၂၀ ရွာ |
| ထပ်ဆင့်ငှားဌာနခွဲ | ၁၀ ရွာ |
| ကျေးရွာစုစုပေါင်း | ၃၀ ရွာ |

## VI.အင်းစိန်ရွှေ့လျားစာကြည့်တိုက် လုပ်ငန်းလည်ပတ်မှု

လက်ရှိတွင် အင်းစိန်၌စာအုပ် (၉,၃၆၄)အုပ်ကို စာရင်းပြုစုထားရှိပြီး ငှားရမ်းလည်ပတ်လျှက်ရှိပါသည်။

### VI.A အသင်းဝင်

အင်းစိန် - (၉,၁၁၃)ဦး

၂၀၁၇ ဇန်နဝါရီလနှင့်စာလျှင် အဖွဲ့ဝင် (၄)%တိုးလာပါသည်။

### VI.B စာအုပ်ငှားရမ်းမှု

အင်းစိန် - (၂,၀၀၀) ကြိမ်

၂၀၁၇ ဇန်နဝါရီလနှင့် နှိုင်းစာပါက (၁၃)% တိုးလာပါသည်။ လုပ်ငန်းစတင်သော ဩဂုတ်လ ၂၀၁၆ မှစပြီး (၇-လအတွင်း) စုစုပေါင်းစာအုပ် (၂၇,၂၈၉)ကို လူထုကငှားရမ်းခဲ့ပါသည်။
ထို့ကြောင့် တစ်လပျမ်းမျှ စာအုပ်ငှားရမ်းမှု အကြိမ်ရေ(၃,၈၉၈)ရှိပြီး ပျမ်းမျှအားဖြင့် စာအုပ်တစ်အုပ်လျှင် ၃ ကြိမ် ခန့်ငှားရမ်းလည်ပတ်မှုရှိပါသည်။

အင်းစိန် မှ လက်ရှိစာအုပ်ငှားရမ်းလည်ပတ်မှုဆောင်ရွက်နေသောကျေးရွာအရေအတွက်ကိုအောက်တွင်ဖော်ပြထားပါသည်။

| *လက်ရှိကျေးရွာများ*MBL - အင်းစိန် | |
|---|---|
| MBL - ဘတ်စ် | ၂၅ ရွာ |
| ထပ်ဆင့်ငှားဌာနခွဲ | ၁၀ ရွာ |
| ကျေးရွာစုစုပေါင်း | ၃၅ ရွာ |

၂၀၁၆ ဇန်နဝါရီလမှစပြီး လက်ရှိအဖွဲ့ဝင်ဦးရေ၊ ငှားရမ်းလည်ပတ်မှုနှုန်းထားတို့ကိုပြသည့် အောက်ပါဇယားကွက်များကို ကျေးဇူးပြုပြီးကြည့်ပါ။






## Accumulated Circulation Status at Various Centre




## Average Monthly Circulation Status



## VII. အခြားလုပ်ငန်းများ

### VII.A .ကွန်ပျူတာသင်တန်းများ

အောက်ပါဇယားသည် အခြေခံအိုင်စီတီသင်တန်းကိုလက်ရှိတက်ရောက်နေသည့် သင်တန်းသားအရေအတွက်နှင့် သင်တန်းပြီးသွားသောသင်တန်းသားအရေအတွက်တို့ကိုဖော်ပြပါသည်။

**Computer Trainings at Mobile Libraries**

| စဉ် | စာကြည့်တိုက် အမည် | လက်ရှိ အမှတ်စဉ် | စာရင်းသွင်း သင်တန်းသား | ပြီးခဲ့သော သင်တန်း အမှတ်စဉ်များ | တက်ရောက် သင်တန်းသား | သင်တန်းပြီးမြောက်သူ အရေအတွက် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ကော့မှူး | အမှတ်စဉ်-၁၇ | ၉၇၈ | အမှတ်စဉ်-၁၇ | ၉၇၈ | ၇၅၂ | အမှတ်စဉ်-၁၈ ကို မတ်လ ၂၃ တွင်ဖွင့်လှစ်ပါမည်။ |
| ၂ | နေပြည်တော် | အမှတ်စဉ်-၃ | ၆၅ | အမှတ်စဉ်-၃ | ၆၅ | ၃၄ | |
| ၃ | ကလော | အမှတ်စဉ်-၆ | ၂၀၇ | အမှတ်စဉ်-၅ | ၂၀၇ | ၁၃၉ | အမှတ်စဉ်-၆ တက်ရောက်ဆဲ |
| ၄ | နတ်မောက် (Central) | အမှတ်စဉ်-၈ | ၁၄၄ | အမှတ်စဉ်-၇ | ၁၄၄ | ၁၁၃ | အမှတ်စဉ်-၈ တက်ရောက်ဆဲ |
| | နတ်မောက် (Myothit) | အမှတ်စဉ်-၁ | ၄၀ | | ၄၀ | | အမှတ်စဉ်-၁ တက်ရောက်ဆဲ |
| ၅ | မြောင်းမြ | အမှတ်စဉ်-၅ | ၁၇၉ | အမှတ်စဉ်-၄ | ၁၇၉ | ၁၂၄ | အမှတ်စဉ်-၅ တက်ရောက်ဆဲ |
| ၆ | အင်းစိန် | အမှတ်စဉ်-၃ | ၁၁၂ | အမှတ်စဉ်-၂ | ၁၁၂ | ၄၀ | အမှတ်စဉ်-၃ တက်ရောက်ဆဲ |

### VII.B. ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နှင့် ပူးပေါင်းဆောင်ရွက်ခြင်း

အသစ်ပြင်ဆင်ပြီးဖြစ်၍ လူထုအခြေပြုဗဟိုဌာနများအဖြစ် အဆင့်မြှင့်တင်ပြီးဖြစ်သော အင်းစိန် ၊ မြောင်းမြ ၊ နတ်မောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများတွင် အခြေခံကွန်ပျူတာသင်တန်း၊ နွေရာသီ ကလေးများအတွက်

ကွန်ပျူတာသင်တန်းများ ဖွင့်လှစ်ပေးခြင်းအပြင် ပန်းချီသင်တန်း၊ ပြဇာတ်ပညာသင်တန်း၊ စာဖတ်ဝိုင်းဆွေးနွေးပွဲများ ကျင်းပခြင်းနှင့် စာကြည့်တိုက်ဂန်ဆောင်မှု မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ ပြည်ထောင်စုနေ့အထိမ်းအမှတ် ဉာဏ်စမ်းပြိုင်ပွဲများကျင်းပခြင်း၊ ကလေးများအတွက် ပုံပြောပြိုင်ပွဲများ ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများ နှင့် အားကစားပြိုင်ပွဲများတို့ကို ကျင်းပပေးခဲ့ပါသည်။

စာကြည့်တိုက်လုပ်ငန်းများ၊ လူမှုရေးလုပ်ငန်းများကို စိတ်ပါဝင်စားသူများကလည်း စေတနာဂန်ထမ်းအဖြစ် တစ်ပတ်လျှင်တစ်ရက် ရွှေ့လျားစာကြည့်တိုက်နှင့် လူထုအခြေပြုလုပ်ငန်းများ၊ အခမဲ့ဖွင့်လှစ်သင်ကြားပေးနေသော သင်တန်းများတွင် ကူညီဆောင်ရွက်လျှက်ရှိပါသည်။

## VII.C. လူထုအခြေပြုဗဟိုဌာန (Community Center) နှင့် ရွှေ့လျားစာကြည့်တိုက်များထပ်မံတိုးချဲ့နိုင်ရန် ဆောင်ရွက်ခြင်း

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွှေ့လျားစာကြည့်တိုက်စီမံကိန်းက အခြားပြည်နယ်များနှင့်တိုင်းများတွင် လူထုအခြေပြု ဗဟိုဌာန(Community Center) နှင့် ရွှေ့လျားစာကြည့်တိုက်များ ထပ်မံတိုးချဲ့နိုင်ရန်အတွက် တနင်္သာရီတိုင်း ထားဝယ်မြို့ ၊ ကရင်ပြည်နယ် ဖားအံမြို့ ၊ မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ်နှင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့များသို့ ကွင်းဆင်းလေ့လာမှုများ ဆောင်ရွက်ခဲ့ပြီး ပြန်/ဆက်ရုံးများအား လိုအပ်သည်များတိုးချဲ့ပြင်ဆင်ရန် ဆောင်ရွက်လျှက် ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

နိဂုံးချုပ်ရပါကရွှေ့လျားစာကြည့်တိုက်စီမံကိန်းနှင့် လုပ်ငန်းလည်ပတ်ရာနေရာအားလုံးရှိ ယင်း၏အမျိုးမျိုးသော ပြဖွယ် ဆောင်တာများကို ချောချောမွေ့မွေ့ အောင်အောင်မြင်မြင် ဆောင်ရွက်လည်ပတ်နေပါသည်။

လေးစားစွာဖြင့်

ဒေါက်တာသန့်သော်ကောင်း
အမှုဆောင်ကော်မတီအဖွဲ့ဝင်
ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း